
ဘာသာပြန် တရေးဆရာ – Action Shap
(တင်းဟောက်)
(Chapter 1 - 15)
စာစဉ် – ၁

# Chapter 1

## ခါးဆေးကန်နံဘေးမှ ဒုတိယဘဝ

"မြတ်စွာဘုရား...ဒါဖြင့် ငါ တကယ်ကြီး ကမ္ဘာခြားပြီး သူများ ခန္ဓာကိုယ်ထဲရောက်လာတာပေါ့"

ပြီးခဲ့သော နှစ်နာရီလုံးလုံး တင်းဟောက်တစ်ယောက် ခါးဆေးရေကန်နံဘေးတွင် ရပ်နေခဲ့ခြင်းဖြစ်၏။
သူက ဟောင်းနွမ်းပျက်စီးနေသော သံချေးတက်ခါးတစ်လက်ကို ကိုင်စွဲလျက်သားဖြစ်ကာ ကန်ရေပြင်ထက်မှ သူ၏ ချောမောသော မျက်နှာကို ငေးကြည့်နေသည်။
ယခုတိုင်အောင် သူလက်မခံချင်သေးပါ။

မနေ့ညကအကြောင်းတွေကို သူကောင်းကောင်းမှတ်မိသည်။
သူ့ သူငယ်ချင်းများနှင့် ညစာစားနေခဲ့ပြီး တက္ကသိုလ်ကျောင်းသားဘဝအတွက် ကံကောင်းပါစေကြောင်း အချင်းချင်း ဆုတောင်းပေးနေခဲ့ကြသေးသည်။
သူတို့အားလုံး အရက်မူးနေသော်လည်း စိတ်လှုပ်ရှားပျော်ရွှင်နေခဲ့ကြသေးသည်။

သို့သော် ယခု သူမျက်လုံးပြန်ဖွင့်လိုက်ချိန်တွင် လုံးဝ ကွဲပြားခြားနားသော ကမ္ဘာတစ်ခုသို့ ရောက်ရှိနေလေပြီ။

အချိန်အတော်ကြာအောင် ငိုင်တွေနေခဲ့ပြီးနောက် တင်းဟောက်က သူလောကအသစ်တစ်ခုသို့ ရောက်ရှိလာသည်ဆိုသော အမှန်တရားကို

လက်ခံလိုက်ရသည်။

အမျိုးအမည်မသိသော ခံစားချက်များကြောင့် အရင်ဘဝသည် ဇာတ်ညွှန်းရေးထားသည့်အတိုင်း သရုပ်ဆောင်နေရသလို ငြီးငွေ့ဖွယ်ရာဟု ထင်ခဲ့မိသည်။

ထို့ကြောင့်ပင် ယခု သူက ဘဝအသစ်စဖို့ အခွင့်အရေးရသလို ခံစားနေမိသည်။

ထို့ကြောင့် တဖြည်းဖြည်း စိတ်လှုပ်ရှားပျော်ရွှင်လာသည်။

တင်းဟောက်က သူ၏ ဘဝအသစ်နှင့် ကမ္ဘာအသစ်ကို လိုလိုလားလားပင် လက်ခံပစ်လိုက်သည်။ ဒါဆို အရင်ဘဝမှာ ငါသေသွားပြီပေါ့။ သေသွားလဲ ဘာဖြစ်လဲ။ ခု ငါက ဘဝကူးလာတာပဲ။ ငရဲပြည်ရောက်နေတာမှမဟုတ်တာ။

သူ့ အသွေးအသားထဲတွင် စွဲနေသော မဆုတ်မနစ် စွန့်စားလိုသည့် စိတ်ဓါတ်ကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။

လွန်ခဲ့သော နှစ်နာရီခန့်အတွင်း သူ့ ခန္ဓာကိုယ် မူလပိုင်ရှင်၏ မှတ်ဉာဏ်များကို လက်ခံနေခဲ့သည်။ သူ့ဦးနှောက်သွေးကြောများ ပေါက်ထွက်မတတ် သူ အများကြီး သင်ယူခဲ့ရသည်။

ဤကမ္ဘာကို အဆုံးမဲ့ ကုန်းမြေဟုခေါ်ပြီး ဂိုဏ်းဂဏများဖြင့် ပြည့်နှက်နေသော၊ သန်မာသူများသာ ရှင်သန်နိုင်သော၊ လူသားများနှင့် သတ္တဝါဆန်းများ ကြီးစိုးသော ကုန်းမြေဖြစ်သည်။

သူမှီခိုရာ ဓါးခရီးသည် ဂိုဏ်းသည် အဆုံးမဲ့ကုန်းမြေ၏ စွန့်ပစ်မြောက်ပိုင်းနယ်မြေတွင်ရှိသော ဆောင်းပြည်နယ်လက်အောက်ခံ စီရင်စု ဆယ့်ခြောက်ခုအနက် အဆင့်ရှစ် ဓါးဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။

ခါးခရီးသည်ဂိုဏ်းသည် ဆောင်းပြည်နယ်၏ ကျောင်းတော်တစ်ခု၊ ကျေးရွာနှစ်ရွာ၊ဂိုဏ်းသုံးဂိုဏ်းနှင့် ကလန်သုံးခု အနက် လူသားအုပ်ချုပ်သော ဂိုဏ်းတစ်ဂိုဏ်းလဲဖြစ်သည်။

ခါးခရီးသည်တောင်ပေါ်တွင် ကျယ်ဝန်းသောနယ်နိမိတ်ကို လွှမ်းမိုးထားပြီး တပည့်တပန်းများစွာရှိသည်။

ကွန်ဖူးပညာရှင်များနှင့် ပါရမီရှင်များစွာ မွေးထုတ်ထားသည်။
နှစ်ပေါင်း ထောင့်ငါးရာကျော်အောင် တည်တံ့နေသော ဂိုဏ်းကြီးလဲဖြစ်၏။

ထိပ်သီး ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်သည်နှင့်အညီ သိုင်းလောကတွင် ပုံရိပ်ကောင်းရရှိရန် အရေးကြီးသည်။
သို့သော် အလွန်ကျန်းမာရေးကောင်းပါသည်ဟူသော သိုင်းသမားများသည်ပင် လူသားများသာဖြစ်ရာ တစ်နေ့တာ အာဟာရအတွက် စားသောက်ရန်လိုအပ်သည်။

ဘဝင်မြင့်သော သိုင်းသမားများသည် ချက်ပြုတ်ခြင်း အမှိုက်ကောက်ခြင်း သန့်ရှင်းရေး စသော အခြေခံ တောက်တိုမယ်ရများဖြင့် အလုပ်မရှုပ်လိုကြရာ အထောက်အကူပြုဌာနဟူသော အဖွဲ့တစ်ခု ထားရှိရလေသည်။

ဟုတ်ပါသည်။ တင်းဟောက်က ခါးခရီးသည်ဂိုဏ်း၏ တပည့်တစ်ယောက်မဟုတ်ပါ။
သူက အထောက်အကူပြုဌာနတွင် အလုပ်လုပ်သည်။
အတိအကျပြောရလျှင် သူက နေ့စဉ်နေ့တိုင်း တောင်စဉ်တန်းတစ်လျှောက်လမ်းများပေါ်တွင် လှည်းကျင်းရသော သန့်ရှင်းရေးလုပ်သားတစ်ယောက်သာဖြစ်လေသည်။

သူ့ဘဝ၏ မှတ်ဉာဏ်များကို ပြန်လည်လက်ခံချိန်တွင် သူသည် ဆယ်နှစ်မတိုင်မီအထိ မည်သည့်မှတ်ဉာဏ်မျှ ရှိမနေခြင်းက ထူးဆန်းလှသည်။

သူမိဘများသည် မည်သူဖြစ်ကြောင်း ဓါးခရီးသည်တောင်သို့ သူ မည်သို့မည်ပုံ ရောက်ရှိနေကြောင်း မမှတ်မိပါ။

သူ မှတ်မိနေသော တစ်ဦးတည်းသော မိသားစုဝင်မှာ ထိုစဉ်အချိန်တုန်းက အသက်ငါးနှစ်သာရှိသေးသော သူ့ ညီမလေးဖြစ်သည်။
သူတို့က ထိုစဉ်ကတည်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကြရသည်။

သူ အသက် ဆယ့်တစ်နှစ်၊ အရိုးခိုက်အောင်အေးသော ဆောင်းရာသီ ညတစ်ညတွင် တင်းဟောက် အလုပ်မှ ပြန်အလာ၊ လှိုဝှက်ဆန်းကြယ်ပြီး အားကောင်းသော ဝတ်စုံဖြူဝတ် အမျိုးသမီးတစ်ယောက်က သူ့ညီမလေးကို ဖမ်းခေါ်သွားခဲ့သည်။

ထိုအချိန်မှစပြီး သူ့ညီမလေးကို တင်းဟောက် ဘယ်တော့မှ ပြန်မတွေ့ရတော့ပါ။
ထို့ကြောင့် အသက်ဆယ့်တစ်နှစ်အရွယ်မှစပြီး တင်းဟောက် တစ်ကောင်ကြွက်ဖြစ်လာခဲ့သည်။

လေးစားအားကျဖွယ် သိုင်းပညာရှင်များ ပြည့်နှက်နေသော ကမ္ဘာကြီးတွင် လူငယ်တိုင်း သန်မာသူတစ်ယောက်ဖြစ်လာရန် အိမ်မက်မက်ကြသည်။
တင်းဟောက်သည်လည်း ခြွင်းချက်မဟုတ်ခဲ့ပါ။

ပြီးတော့ သူက ဓါးခရီးသည်ဂိုဏ်းမှ ထွက်ခွာပြီး သတ္တဝါဆန်းများပြည့်နှက်နေသော ပြင်ပကမ္ဘာတွင် သူ့ညီမလေးကို လိုက်ရှာရန်အတွက် သူ သန်မာဖို့ လိုအပ်သည်။
သို့သော် သူက သိုင်းပညာတွင် ပါရမီမပါသည့်အပြင် သူ၏သွေးကြောများက မွေးရာပါ ကျဉ်းမြောင်းနေခဲ့သည်။

သူက သွက်လက်ဖျတ်လတ်သူတစ်ယောက်လည်းမဟုတ်။ ပါရမီရှင်တစ်

ယောက်လည်း မဟုတ်ခဲ့ပါ။

သူ့ အသက် ဆယ်နှစ်အရွယ်ကတည်းက ခါးခရီးသည်ဂိုဏ်းတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပသော ဂိုဏ်းသားသစ် ရွေးချယ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

သို့သော်လည်း အခြေခံအကျဆုံး စစ်ဆေးမှုများကိုပင် ကျရှုံးခဲ့သောကြောင့် ပယ်ခံရမြဲဖြစ်သည်။

သူ့ အသက် ဆယ့်လေးနှစ်ပြည့်ချိန်တွင် လေးကြိမ်တိတိ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးဖြစ်သော်လည်း အောင်မြင်မှုမရှိခဲ့ပါ။

သူ လက်ခံရရှိထားသော မှတ်ဉာဏ်များအရ ယခုနှစ် ခါးခရီးသည်ဂိုဏ်း၏ ဂိုဏ်းသားသစ် ရွေးချယ်ပွဲက လဝက်သာလိုတော့သည်။

ထိုမှတ်ဉာဏ်များမှတဆင့် တင်းဟောက်သိလာသည်မှာ ဒါက သူ၏နောက်ဆုံးအခွင့်အရေးဖြစ်ကြောင်းကိုပင်ဖြစ်၏။

ထုံးတန်းစဉ်လာအရ ခါးခရီးသည်ဂိုဏ်းသည် အသက် ဆယ့်လေးနှစ်အထက်လူငယ်များကို ဂိုဏ်းသားသစ်အဖြစ် စာရင်းမသွင်းပေးတော့ပါ။

ဤကမ္ဘာပေါ်တွင် ခိုင်မာသော အဆိုတစ်ရပ်ရှိသည်။

အသက် ဆယ့်ငါးနှစ်မတိုင်မီ အခြေခံ စမ်းသပ်မှုများကိုပင် မအောင်မြင်ပါက ထိုသူသည် သိုင်းပညာနှင့် မအပ်စပ်ဟူ၏။

သိုင်းသင်မည့်အစား သာမန်လူအဖြစ်သာ နေထိုင်သွားကြရသည်။

"လခွမ်း...ဒါဖြင့် ငါက ဝင်ခွင့်အတွက် လဝက်ပဲ ပြင်ဆင်ချိန်ရှိတော့တာပေါ့"

တင်းဟောက် ဘာမှမတတ်နိုင်ပဲ လေးလံသော ဖိအားတစ်ရပ်ကို ခံစားလာရတော့သည်။

ကမ္ဘာအသစ်နှင့် နေသားကျသွားခြင်းက မြန်ဆန်လှသည်။ ကောင်းပြီလေ။

ကောလိပ်ဆက်မတက်ရလည်း ဒီမှါ သိုင်းကျောင်းပဲ ဆက်တက်တာပေ့ါ။

သူက ခန္ဓာကိုယ် မူလပိုင်ရှင်၏ ကောင်းမွေဆိုးမွေများကို ဆက်ခံရတော့မည်။

သိုင်းပညာရှင်များနှင့် သတ္တဝါဆန်းများ ပြည့်နှက်နေသော အံ့ဖွယ်လောကသို့ ကူးပြောင်းလာရခြင်းသည် ဘဝ၏ လိုအပ်ချက်ကိုပါ ပြဋ္ဌာန်းပေးခဲ့လေသည်။

သူက စိုးမိုးချယ်လှယ်နိုင်သော သိုင်းပညာရှင်တစ်ဦး ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် ချနင်းခံရသော ပုရွက်ဆိတ်တစ်ကောင်သာ ဖြစ်သွားပေလိမ့်မည်။

မိမိကံကြမ္မာကို မိမိ မထိန်းကြောင်းနိုင်သော သနားစရာ ဘဝမျိုးထက်တော့ တင်းဟောက်က ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်ဖို့ပင် ဆန္ဒရှိသည်။

ထိုအတွေးဝင်လာသောအခါ အသက်မျဉ်းကြောင်းနှင့် သက်ဆိုင်သော ဖိအားတစ်ရပ်ကိုပါ တင်းဟောက် ခံစားလာရသည်။

သူ ဘာလုပ်ရမလဲ သိရှိလာပြီဖြစ်၏။

ထို့နောက် သူ အတွေးရေယဉ်ကြောမှ နိုးထလာသည်။

ဓါးဆေးရေကန်နံဘေးတွင် ရပ်နေရင်း မျက်စိမှတ်ကာ မှတ်ဉာဏ်များအတွင်း ရှာဖွေလိုက်သည်။ သူ့ဦးနှောက်က ထူးဆန်းစွာပင် နှစ်ဆ အလုပ်လုပ်နေဟန်တူသည်။

မကြာမီတွင် ဓါးခရီးသည်ဂိုဏ်း၏ အခြေခံနည်းစနစ်အချို့ကို သူပြန်အမှတ်ရလာသည်။

ရုတ်တရက် သူမျက်လုံးဖွင့်လိုက်ချိန် တစ်စုံတစ်ရာက သူ့ထံ အသစ်တဖန်မွေးဖွားလာသလို ခံစားရသည်။

သူက သံချေးတက်ဓါးရှည်ကို ဆတ်ကနဲ တုန်ခါစေကာ ရှေ့သို့ ထိုးစိုက်လိုက်သည်။

ဓါးခရီးသည်ကလန်၏ ဓါးကွက်တစ်ကွက်ကို ကျွမ်းကျင်စွာ ဖော်ထုတ်လိုက်ခြင်းဖြစ်၏။

လွန်ခဲ့သာ ဆယ့်လေးနှစ်အတွင်း သူက အမှိုက်လှည်းသော ကလေးတစ်ယောက်သာဖြစ်ခဲ့သော်လည်း တာဝန်ချိန်ပြင်ပတွင် ဓါးခရီးသည်ကလန်၏ အခြေခံဓါးကွက်အချို့ကိုလည်း သင်ကြားခွင့် ရခဲ့ပါသည်။

သူ့သက်တမ်းတစ်လျှောက် အကြိမ်ပေါင်း မရေမတွက်နိုင်အောင် လေ့ကျင့်ထားသောကြောင့် ယခု သူ ဓါးကွက်ထုတ်လိုက်ချိန်တွင် ချောမွေ့သပ်ရပ်နေခြင်းဖြစ်ဟန်တူသည်။

မိမိကိုယ်ကိုယ် ကာကွယ်ရန်အတွက် အခြေခံဓါးကွက် ဆယ့်ခြောက်ကွက်ရှိသည်။

ဓါးခရီးသည်ဂိုဏ်းတွင်တော့ ကလေးပေါက်စတစ်ယောက်ပင် ထိုဓါးကွက်များကို ကစားတတ်သည်။

အစောပိုင်း ဆယ့်နှစ်ကွက်က သာမန်ပင်ဖြစ်သော်လည်း နောက်ဆုံးလေးကွက်က ပညာသားပါသည်။

၎င်းတို့မှာ 'အလင်းခွဲဓါးကွက်၊ရေခဲဖြတ်ဓါးကွက်၊တိမ်ပျံ့ဓါးကွက်နှင့် လေလိုက်ဓါးကွက်'တို့ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ယောက်က ထိုဓါးလေးကွက်ကို ဆက်တိုက်ဖော်ထုတ်မည်ဆိုပါလျှင် သန်မာသော ယောကျ်ားကြီး ဆယ်ယောက်ကိုပင် ပိတ်ဆို့ထားနိုင်သော ဓါးအလင်းကို ထုတ်လွှတ်မည်ဖြစ်သည်။

သူ့မှတ်ဉာဏ်များထဲမှ ထိုဓါးကွက်များကို ပြန်လည်တူးဖော်ရင်း တင်းဟောက် အဆက်မပြတ် ထိုးခုတ်နေခဲ့သည်။

မယုံနိုင်စရာပင် အံ့ဖွယ်ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့လေသည်။

ယခုအချိန် သူ့ကို မြင်သူတိုင်း မယုံကြည်နိုင်မှုကြောင့် အော်ဟစ်မိကြပေမည်။

အဘယ်ကြောင့်ဆိုသော် ဓါးခရီးသည်ဂိုဏ်းမှ အမှိုက်လှည်းသမား၏ ပြောင်းလဲမှုကို မြင်ကြရမည်ဖြစ်သောကြောင့်ပင်တည်း။

တင်းဟောက်သည် ဓါးကွက်များကို လျှင်မြန်သွက်လက်သော ခြေကွက်များနှင့် သရုပ်ဖော်နေပြီး လုံး၀ ထစ်ငေါ့မှုမရှိချေ။ နောက်ဆုံးလေးကွက်အရောက်တွင် သူ၏ လှုပ်ရှားမှုက ပိုလို့ပင် မြန်ဆန်သွက်လက်လာခဲ့သည်။

နောက်ဆုံးတွင် သံချေးတက် ဓါးအစုတ်က မှုန်ဝါးသွားကာ မှိန်ဖျော့ဖျော့အလင်းတန်းတစ်ခုအဖြစ် သူ့ခန္ဓာကိုယ်တစ်ခုလုံး ကြမ်းတမ်းစွာ လွှမ်းခြုံသွားတော့သည်။

"ဟိတ်..."

နောက်ဆုံး တစ်ချက် မန်သွင်းလိုက်ပြီးနောက် တင်းဟောက်က သံချေးတက်ဓါးကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

သူ၏ ချောမောသောမျက်နှာပေါ်တွင် အံ့အားသင့်နေဟန်များထွက်ပေါ်လာ၏။

"ထူးဆန်းလိုက်တာ။ မှတ်ဉာဏ်တွေအရ နောက်ဆုံးလေးကွက်ဟာ မူလခန္ဓာကိုယ်ပိုင်ရှင်အတွက် သိပ်ကိုခက်ခဲလွန်းပြီး နှစ်နှစ်ကျော်လေ့ကျင့်လာတာတောင် မအောင်မြင်ခဲ့ဘူးပဲ။ ဒါပေမဲ့ ငါကျတော့ စိတ်ထဲရှိတဲ့အတိုင်း အလွယ်တကူ လှုပ်ရှားဖော်ထုတ်နိုင်တာ ဘာကြောင့်များပါလိမ့်..."

***